137. It's your aptitude[1], not just your attitude that determines your ultimate altitude[2].

*Zig Ziglar*

အဆုံးစွန်မြင့်မားသည့်နေရာအတွက် အဆုံးအဖြတ်ပေးသည့်အရာမှာ သင်၏စိတ်ထားမဟုတ်၊ သင်၏ဝါသနာသာဖြစ်သည်။

*ဇစ် ဇစ်ဂလာ*

138. One can spend a lifetime assigning blame, finding the cause "out there" for all the troubles that exist. Contrast this with the "responsible attitude" of confronting the situation, bad or good, and instead of asking. "What caused the trouble? Who was to blame? asking "How can I handle this present situation to make the most of it? What can I salvage[3] here?"

*Abraham Maslow*

လူတစ်ယောက်သည် ဒုက္ခဖြစ်ရခြင်း၏အကြောင်းရင်းကိုရှာရင်း ဒုက္ခကိုသာ ရှိုးမယ်ဖွဲ့လျက်ရှိသည်။

- ဒုက္ခ ဘာကြောင့်ဖြစ်ရတာလဲ။
- ဘယ်သူ့ကို အပြစ်တင်ရမှာလဲ။
- ဒီအခြေအနေကနေ အကောင်းဆုံးဖြစ်အောင် ဘယ်လိုဖြေရှင်းရ မလဲ။
- ခု-ကျူပ် ဘယ်လိုကယ်တင်ရမလဲ။

စသည့်မေးခွန်းများကိုမေးမည့်အစား ဆိုးသည်ဖြစ်စေ၊ ကောင်းသည်ဖြစ်စေ 'တာဝန်သိသောစိတ်ထား'ဖြင့် ကြုံရသမျှ အနေအထားကို ထိပ်တိုက်ဝင်ပြီး ရဲရဲကြီးသာ ရင်ဆိုင်လိုက်ပါ။

*အီဗရာဟင် မာစလို*

1. aptitude (n) အထုံ၊ ဝါသနာ၊ ဗီဇ။
2. altitude (n) အမြင့်၊ မြင့်မားသည့်နေရာ၊
3. Salvage (v)(n) ဆယ်တင်သည်၊ ဆယ်တင်ခြင်း။



139. Our attitude toward life determines[1] life's attitude towards us.

*Earl Nightingale*

ဘဝအပေါ်ထားရှိသည့် ကျွန်ုပ်တို့၏စိတ်ထားက ကျွန်ုပ်တို့အပေါ်ထားရှိသည့် ဘဝစိတ်ထားကို ဆုံးဖြတ်ခြင်းဖြစ်သည်။

*အားလ် နိုက်တင်းဂေးလ်*

140. The greatest day in your life and mine is when we take total responsibility[2] for our attitudes. That's the day we truly grow up.

*John C. Maxwell*

သင်နှင့်ကျွန်ုပ်၏ဘဝမှာအကြီးကျယ်ဆုံးသောနေ့သည် ကျွန်ုပ်တို့၏စိတ်ထားအပေါ် ကျွန်ုပ်တို့အပြည့်အဝတာဝန်ယူသည့်အချိန်ဖြစ်သည်။

ထိုနေ့သည်ပင် ကျွန်ုပ်တို့အမှန်တကယ် ရင့်ကျက်လာသည့်နေ့လည်း ဖြစ်ပေသည်။

*ဂျွန် စီ. မက်စ်ဝဲလ်*

141. The greatest discovery of my generation[3] is that a human being can alter his life by altering his attitudes of mind.

*William James*

ကျွန်ုပ်၏မျိုးဆက်တွင် အကြီးကျယ်ဆုံးသော ရှာဖွေတွေ့ရှိမှုမှာ လူသားသည် သူ၏စိတ်ပိုင်းဆိုင်ရာသဘောထားကို ပြောင်းလဲခြင်းဖြင့် သူ့ဘဝကို ပြောင်းလဲနိုင်သည်ဆိုသောအချက်ပင် ဖြစ်သည်။

*ဝီလီယံ ဂျိမ်းစ်*

1. detemines (v) သတ်မှတ်ပြဋ္ဌာန်းသည်။
2. resposibility (n) တာဝန်ယူမှု၊ တာဝန်ခံမှု။
3. generation (n) ဆွေစဉ်မျိုးဆက်။